厚生労働省 ひと、くらし、みらいのために Ministry of Health, Labour and Welfare

2022 ခုနှစ် ဩဂုတ်လ လက်ရှိ

# အမျိုးအစားသစ် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါပြန့်ပွားမှုအတွက် အထူးစီမံချက် “အရေးပေါ်အသေးစားရန်ပုံငွေစသည့် အထူးထုတ်ချေးခြင်း” ချေးငွေပြန်ဆပ်မှု ကင်းလွတ်ခွင့်နှင့်စပ်လျဥ်း၍

## ချေးငွေပြန်ဆပ်မှုကင်းလွတ်ခွင့်အတွက် အဓိကကျသောအချက်များ

- ချေးငွေပြန်ဆပ်မှုကင်းလွတ်ခွင့်ကို ရန်ပုံငွေအမျိုးအစားအလိုက် တစ်ကြိမ်တည်းဖြင့် စုပေါင်းဆောင်ရွက်ပါမည်။
(1) အရေးပေါ်အသေးစားရန်ပုံငွေ (2) အထွေထွေထောက်ပံ့မှုရန်ပုံငွေမှ ပထမအကြိမ်ထုတ်ချေးပေးသည့်ပမာဏ (3) အထွေထွေထောက်ပံ့မှုရန်ပုံငွေမှ ကာလတိုးမြှင့်ထုတ်ချေးပေးသည့်ပမာဏ (4) အထွေထွေထောက်ပံ့မှုရန်ပုံငွေ ထပ်မံထုတ်ချေးခြင်း တို့ဖြစ်ပါသည်။
- ချေးငွေရယူမည့်သူနှင့် အိမ်ထောင်ဦးစီးတို့သည် နေထိုင်သူအခွန်ကင်းလွတ်ခွင့် (သာတူညီမျှအခွန်၊ ဝင်ငွေအခွန် နှစ်ခုစလုံး) ရပါက ချေးငွေပြန်ဆပ်မှု ကင်းလွတ်ခွင့်နှင့် အကျုံးဝင်ပါသည်။ အခြားအိမ်ထောင်စုဝင်များ၏ အခွန်ထမ်းဆောင်မှုအခြေအနေနှင့် မသက်ဆိုင်ပါ (※ကင်းလွတ်ခွင့် ဆုံးဖြတ်ပြီး ချိန်၌ ပြန်ဆပ်ခဲ့သည့် ငွေပမာဏမှာ ကင်းလွတ်ခွင့်တွင် အကျုံးမဝင်ပါ)။
- ကင်းလွတ်ခွင့်အတွက် လိုအပ်ချက်စသည်တို့မှာ ရန်ပုံငွေအမျိုးအစားအလိုက် ကွဲပြားပါသည်။ (အောက်ဖော်ပြပါ ပုံတွင်ကိုးကားပါ)
- **အထက်ပါတို့မှလွဲ၍လည်း၊ သတ်မှတ်ဆုံးဖြတ်သည့် ဘဏ္ဍာနှစ်နောက်ပိုင်းတွင် ချေးငွေရယူမည့်သူနှင့် အိမ်ထောင်ဦးစီးတို့သည် နေထိုင်သူအခွန်ကင်းလွတ်ခွင့်ရခဲ့ပါက ကျန်ရှိအကြွေးများကို တစ်လုံးတည်းကင်းလွတ်ခွင့် ရမည့်အပြင်၊ ပြန်ဆပ်နေစဉ် ချေးငွေရယူမည့်သူ ကွယ်လွန်ခြင်းနှင့် ပျောက်ဆုံးသွားကြောင်းကြေညာထားခြင်း၊ လူမွဲစာရင်းခံယူခြင်း စသည့် ချေးငွေပြန်ဆပ်နေစဉ်တွင်လည်း ချေးငွေပြန်ဆပ်ရန် ခက်ခဲသည့် အခြေအနေရှိပါက၊ ချေးငွေအားလုံး သို့မဟုတ် ချေးငွေပြန်ဆပ်မှု တစ်စိတ်တစ်ပိုင်းကို ကင်းလွတ်ခွင့်ရနိုင်သည့် အခါများလည်းရှိသည်။**
- **ချေးငွေပြန်ဆပ်မှုကင်းလွတ်ခွင့်အတွက် လျှောက်ထားရန်လိုအပ်သည်** (※အကျုံးဝင်သူများမှာ အလိုအလျောက် ကင်းလွတ်သွားမည်မဟုတ်ပါ)။
လူမှုဖူလုံရေးကောင်စီမှ အသိပေးချက်အား စစ်ဆေးပြီးမှသာ၊ သတ်မှတ်နောက်ဆုံးရက်မတိုင်မီ လျှောက်ထားရန် မေတ္တာရပ်ခံအပ်ပါသည်။
အိမ်ပြောင်းခြင်းစသည်တို့ကြောင့် **လျှောက်ထားချိန်နှင့် နေရပ်လိပ်စာ ကွဲလွဲနေပါက၊ ထုတ်ချေးရန်လျှောက်ထားမှု လုပ်ထုံးလုပ်နည်းများ လုပ်ဆောင်ခဲ့သည့် လူမှုဖူလုံရေးကောင်စီထံ ဆက်သွယ်အကြောင်းကြားပါ။**

## ကင်းလွတ်ခွင့်အတွက် လိုအပ်ချက်နှင့် ကင်းလွတ်ခွင့် အများဆုံးပမာဏ

| ရန်ပုံငွေအမျိုးအစား | ကင်းလွတ်ခွင့်အတွက် လိုအပ်ချက် | ကင်းလွတ်ခွင့် အများဆုံးပမာဏ | ချေးငွေပြန်ဆပ်မှု စတင်သည့် အချိန်ကာလ ※ကင်းလွတ်ခွင့်မရသည့်အခါစသည် |
|---|---|---|---|
| အရေးပေါ်အသေးစားရန်ပုံငွေ<br>2022 ခုနှစ် မတ်လကုန်အထိ လျှောက်ထားသည့်ပမာဏ | 2021 ဘဏ္ဍာနှစ် သို့မဟုတ် 2022 ဘဏ္ဍာနှစ်မှာ<br>**နေထိုင်သူအခွန်ကင်းလွတ်ခွင့်** | ယန်း 20 သောင်း | **2023** ခုနှစ် ဇန်နဝါရီလမှ |
| အရေးပေါ်အသေးစားရန်ပုံငွေ<br>2022 ခုနှစ် ဧပြီလနောင်းပိုင်းတွင် လျှောက်ထားသည့်ပမာဏ | 2023 ဘဏ္ဍာနှစ်မှာ<br>**နေထိုင်သူအခွန်ကင်းလွတ်ခွင့်** | ယန်း 20 သောင်း | **2024** ခုနှစ် ဇန်နဝါရီလမှ |
| အထွေထွေထောက်ပံ့မှုရန်ပုံငွေ<br>(ပထမဆုံးအကြိမ်ထုတ်ချေးသည့်ပမာဏ)<br>2022 ခုနှစ် မတ်လကုန်အထိ လျှောက်ထားသည့်ပမာဏ | 2021 ဘဏ္ဍာနှစ် သို့မဟုတ် 2022 ဘဏ္ဍာနှစ်မှာ<br>**နေထိုင်သူအခွန်ကင်းလွတ်ခွင့်** | ယန်း 45 သောင်း (တစ်ဦးတည်းအိမ်ထောင်စု)<br>ယန်း 60 သောင်း (2 ဦးနှင့်အထက်ရှိသော အိမ်ထောင်စု) | **2023** ခုနှစ် ဇန်နဝါရီလမှ |
| အထွေထွေထောက်ပံ့မှုရန်ပုံငွေ<br>(ပထမဆုံးအကြိမ်ထုတ်ချေးသည့်ပမာဏ)<br>2022 ခုနှစ် ဧပြီလနောင်းပိုင်းတွင် လျှောက်ထားသည့်ပမာဏ | 2023 ဘဏ္ဍာနှစ်မှာ<br>**နေထိုင်သူအခွန်ကင်းလွတ်ခွင့်** | ယန်း 45 သောင်း (တစ်ဦးတည်းအိမ်ထောင်စု)<br>ယန်း 60 သောင်း (2 ဦးနှင့်အထက်ရှိသော အိမ်ထောင်စု) | **2024** ခုနှစ် ဇန်နဝါရီလမှ |
| အထွေထွေထောက်ပံ့မှုရန်ပုံငွေ<br>(ကာလတိုးမြှင့်ထုတ်ချေးပေးသည့်ပမာဏ) | 2023 ဘဏ္ဍာနှစ်မှာ<br>**နေထိုင်သူအခွန်ကင်းလွတ်ခွင့်** | ယန်း 45 သောင်း (တစ်ဦးတည်းအိမ်ထောင်စု)<br>ယန်း 60 သောင်း (2 ဦးနှင့်အထက်ရှိသော အိမ်ထောင်စု) | **2024** ခုနှစ် ဇန်နဝါရီလမှ |
| အထွေထွေထောက်ပံ့မှုရန်ပုံငွေ (ထပ်မံထုတ်ချေးခြင်း) | 2024 ဘဏ္ဍာနှစ်မှာ<br>**နေထိုင်သူအခွန်ကင်းလွတ်ခွင့်** | ယန်း 45 သောင်း (တစ်ဦးတည်းအိမ်ထောင်စု)<br>ယန်း 60 သောင်း (2 ဦးနှင့်အထက်ရှိသော အိမ်ထောင်စု) | **2025** ခုနှစ် ဇန်နဝါရီလမှ |

※1 2022 ခုနှစ် ဧပြီလနောင်းပိုင်း၌ အရေးပေါ်အသေးစားရန်ပုံငွေ၊ အထွေထွေထောက်ပံ့မှုရန်ပုံငွေ (ပထမအကြိမ်ထုတ်ချေးခြင်း) ၏ အထူးထုတ်ချေးမှုအတွက် လျှောက်ထားပမာဏမှာ၊ ချေးငွေပြန်ဆပ်မှုကင်းလွတ်ခွင့် ဆုံးဖြတ်ခြင်းသည် 2023 ဘဏ္ဍာနှစ်၏ နေထိုင်သူအခွန်ကင်းလွတ်ခွင့်အပေါ် မူတည်မည်ဖြစ်ပြီး၊ ချေးငွေပြန်ဆပ်မှုဆိုင်းငံ့ကာလကို 2023 ခုနှစ် ဒီဇင်ဘာလကုန်အထိ ထားပါမည်။

※2 ချေးငွေပြန်ဆပ်မှုကင်းလွတ်ခွင့် ရပြီးနောက်တွင်လည်း၊ ကိုယ်ပိုင်ရပ်တည်နိုင်ရေး ဆွေးနွေးတိုင်ပင်မှု ထောက်ပံ့ကူညီရေးအဖွဲ့အစည်းစသည်တို့မှပြုလုပ်သော စဉ်ဆက်မပြတ် ထောက်ပံ့မှုများ ရရှိနိုင်ရန်အတွက် နောက်ဆက်တွဲဆောင်ရွက်မှုများရှိပါမည်။

※3 ချေးငွေရယူမည့်သူ၏ ဆန္ဒအလျောက် ချေးငွေပြန်ဆပ်မှုဆိုင်းငံ့ကာလကို လျှော့ချလိုက်ပါက၊ သက်ဆိုင်တော့မည်မဟုတ်ပါ။

**ချေးငွေပြန်ဆပ်ရန် လိုအပ်သူများ၌၊ ပြန်ဆပ်ရန် အခက်အခဲရှိပါက ကျောဘက်ရှိ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ လမ်းညွှန်ချက်ကို ကြည့်ပါ**

# ချေးငွေပြန်ဆပ်ရန် ခက်ခဲသူများအား သက်ဆိုင်ရာအဖွဲ့အစည်းများ၏ လမ်းညွှန်ချက်

## အလုပ်အကိုင်၊ အိမ်ထောင်စုငွေကြေး စသည်တို့အတွက် ပံ့ပိုးကူညီမှု



အတူတကွ သင့်အိမ်ထောင်စုငွေကြေးများကို ပြန်လည်သုံးသပ်ပြီး၊ ဝင်ငွေနှင့်အသုံးစရိတ်အခြေအနေကို တိုးတက်စေရန် ပံ့ပိုးပေးခြင်းနှင့် ကြွေးမြီပြင်ဆင်ထိန်းညှိခြင်းဆိုင်ရာ လမ်းညွှန်မှုများအပြင်၊ Hello Work စသည်တို့နှင့် ပူးပေါင်း၍ အလုပ်အကိုင် အတွက် ပံ့ပိုးပေးပါမည်။

【အသုံးပြုရန်အကျုံးဝင်သူ】 ဝင်ငွေနှင့်အသုံးစရိတ်၊ အိမ်ထောင်စုငွေကြေးတို့၌ စိတ်ပူပန်မှုရှိနေသူများ

| အထူးဆွေးနွေး ကောင်တာ | ပံ့ပိုးကူညီမှု အကြောင်းအရာ |
|---|---|
| ကိုယ်ပိုင်ရပ်တည်နိုင်ရေး ဆွေးနွေးတိုင်ပင်မှု ထောက်ပံ့ကူညီရေးအဖွဲ့အစည်း | အိမ်ထောင်စုငွေကြေးမြှင့်တင်ရေး ပံ့ပိုးကူညီမှု ပရောဂျက်စသည့် ဘဝနေထိုင်မှုအထွေထွေအခြေအနေရှိ ပြဿနာများအတွက် တိုင်ပင်ဆွေးနွေးမှုကို ပံ့ပိုးပေးပါသည်။ https://www.mhlw.go.jp/content/000936284.pdf |
| Hello Work | အလုပ်အကိုင်အတွက် ဆွေးနွေးတိုင်ပင်ခြင်း၊ အလုပ်အကိုင်မိတ်ဆက်ခြင်းသာလျှင်မက၊ အလုပ်အကိုင်အတွက် ပြင်ဆင်နေရာချထားပေးခြင်းနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းစသည်တို့ကိုလည်း ပံ့ပိုးပေးပါသည်။ https://www.mhlw.go.jp/stf/seisakunitsuite/bunya/koyou_roudou/koyou/hellowork.html |

ကိုယ်ပိုင်ရပ်တည်နိုင်ရေး ဆွေးနွေးတိုင်ပင်မှု ထောက်ပံ့ကူညီရေးအဖွဲ့အစည်းဇယား
(ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ဝက်ဘ်ဆိုဒ်)

Hello Work ဇယား
(ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ဝက်ဘ်ဆိုဒ်)

## ကြွေးမြီမျိုးစုံနှင့် ဥပဒေရေးရာ ဆွေးနွေးတိုင်ပင်ခြင်း

ဥပဒေရေးရာကျွမ်းကျင်သူများစသည်တို့မှ ဥပဒေရေးရာ ဆွေးနွေးတိုင်ပင်မှုနှင့် ကြွေးမြီပြင်ဆင်ထိန်းညှိခြင်း (ကြွေးမြီကျေအေးခြင်း၊ လူမွဲစာရင်းခံယူခြင်း စသည်) နှင့် ချိတ်ဆက်ပေးပါမည်။

【အသုံးပြုရန်အကျုံးဝင်သူ】 အထူးထုတ်ချေးခြင်းအပြင် ကြွေးမြီရှိနေ၍ အခက်အခဲရှိနေသူများ

| အထူးဆွေးနွေးကောင်တာ | ဖုန်း | ပံ့ပိုးကူညီမှု အကြောင်းအရာ |
|---|---|---|
| စားသုံးသူ Hotline (စားသုံးသူဘဝနေထိုင်မှု ဆွေးနွေးကောင်တာ) | 188 | စားသုံးသူ အခက်အခဲများနှင့်စပ်လျဉ်း၍ ဆွေးနွေးနိုင်သည့် နီးစပ်ရာ စားသုံးသူ ဘဝနေထိုင်မှု ဆွေးနွေးကောင်တာကို လမ်းညွှန်ပါမည်။ |
| ဂျပန်နိုင်ငံတရားရေးဆိုင်ရာ အထောက်အကူပြုစင်တာ (Houterasu ၊ ပံ့ပိုးမှုဖုန်း (Support Dial) | 0570-078374 | စီးပွားရေးအခြေအနေအရ ငွေကြေးမတတ်နိုင်သူများအတွက် အခမဲ့ဥပဒေရေးရာ တိုင်ပင်ဆွေးနွေးခြင်း၊ ရှေ့နေ၊ တရားစီရင်ရေးဆိုင်ရာ စာရွက်စာတမ်းပြုလုပ်သူ အရာရှိ အခကြေးငွေများ ကုန်ကျစရိတ်ပြန်ပေးသည့်စနစ်စသည်တို့ကို လမ်းညွှန်ပါမည်။ |
| ဂျပန်နိုင်ငံရှေ့နေများအဖွဲ့ချုပ် (ဟိမဝရိ အိုနယမိ နံပါတ် 110) | 0570-783-110 | နီးစပ်ရာ ရှေ့နေအဖွဲ့အစည်း၏ တိုင်ပင်ဆွေးနွေးမှုစင်တာနှင့်ချိတ်ဆက်ပြီး၊ တိုင်ပင်ဆွေးနွေးမှုအတွက် ဘွတ်ကင်ယူခြင်းစသည်တို့ကို လမ်းညွှန်ပါမည်။ |
| တရားစီရင်ရေးဆိုင်ရာ စာရွက်စာတမ်းပြုလုပ်သူအရာရှိများ အထွေထွေတိုင်ပင်ဆွေးနွေးမှုစင်တာ | နီးစပ်ရာ တရားစီရင်ရေးဆိုင်ရာ စာရွက်စာတမ်းပြုလုပ်သူအရာရှိများ အထွေထွေတိုင်ပင်ဆွေးနွေးမှုစင်တာတွင် မတန်တဆပေးချေငွေ ရှိမရှိစသည်ကို စစ်ဆေးခြင်းနှင့်သက်ဆိုင်သော ဆွေးနွေးတိုင်ပင်မှု လုပ်ဆောင်နိုင်ပါသည်။ https://www.shiho-shoshi.or.jp/activity/consultation/center_list/ | |
| ကြွေးမြီမျိုးစုံ ဆွေးနွေးကောင်တာ | ငွေကြေးဝန်ဆောင်မှုအေဂျင်စီဝက်ဘ်ဆိုဒ်တွင် ကြွေးမြီမျိုးစုံ ဆွေးနွေးကောင်တာဇယားကို ဖော်ပြထားပါသည်။ https://www.fsa.go.jp/soudan/ | |

တရားစီရင်ရေးဆိုင်ရာ စာရွက်စာတမ်းပြုလုပ်သူအရာရှိများ အထွေထွေတိုင်ပင်ဆွေးနွေးမှုစင်တာဇယား
(ဂျပန်နိုင်ငံ တရားစီရင်ရေးဆိုင်ရာ စာရွက်စာတမ်းပြုလုပ်သူအရာရှိများအဖွဲ့ အဖွဲ့ချုပ် ဝက်ဘ်ဆိုဒ်)

ကြွေးမြီမျိုးစုံ ဆွေးနွေးကောင်တာဇယား
(ငွေကြေးဝန်ဆောင်မှုအေဂျင်စီဝက်ဘ်ဆိုဒ်)



## ချေးငွေပြန်ဆပ်ခြင်းနှင့်စပ်လျဉ်းသည့် ဆွေးနွေးတိုင်ပင်မှု

ချေးငွေပြန်ဆပ်မှုကာလအတွင်း ချေးငွေပြန်ဆပ်မှုကင်းလွတ်ခွင့်အတွက် လျှောက်ထားနိုင်သည့် အခါများလည်းရှိသည်။
ထို့အပြင် လိုအပ်သော သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ပံ့ပိုးမှုနှင့်လည်း ချိတ်ဆက်ပေးပါမည်။

【အသုံးပြုရန်အကျုံးဝင်သူ】 ချေးငွေပြန်ဆပ်မှုကင်းလွတ်ခွင့်အတွက် အကျုံးမဝင်သော်လည်း ပြန်ဆပ်ရန်ခက်ခဲသောသူ

【ဆွေးနွေးကောင်တာ】 နေထိုင်နေသော မြို့နယ်စီရင်စုအလိုက် ကွဲပြားပါသည်။ အသေးစိတ်ကို မြို့နယ်စီရင်စု လူမှုဖူလုံရေးကောင်စီမှ ပေးပို့သော ကင်းလွတ်ခွင့်လမ်းညွှန်၊ Homepage စသည်တို့တွင် စစ်ဆေးပါ။

**【အခြားသော မေးမြန်းစုံစမ်းရန်】 ဘဝနေထိုင်မှု ဖူလုံရေးရန်ပုံငွေ ချေးငွေဆွေးနွေးမှု ဖုန်းခေါ်စင်တာ**

**0120-46-1999** **(9:00～17:00 စနေ၊ တနင်္ဂနွေ အများပြည်သူပိတ်ရက်မှလွဲ၍)**